# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

August 16 , 2023 — Volume 69, Number 11


၁၆.၈.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၀၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၅.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၇.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၀.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၈.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၉၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၃၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၀၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၃.၆၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၄၀၆ ကျပ် |

Source: CBM Rate, etrademyanmar.com


## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ရှိ ယူနန်ပန်တက်စ်နည်းပညာကုမ္ပဏီသို့ သွားရောက်လေ့လာ



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့၌ ကျင်းပပြုလုပ်မည့် “(၇)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန်ကုန်စည်ပြပွဲ”သို့ တက်ရောက်ရန် ကူမင်းမြို့၌ရောက်ရှိနေသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့နံနက် (၀၉:၃၀) နာရီအချိန်တွင် ယူနန်စက်မှုဖွံ့ဖြိုးရေးဇုန်တွင် တည်ရှိသော ယူနန်ပန်တက်စ်နည်းပညာကုမ္ပဏီ (Yunnan Pan Test Technology Company) ထံ သွားရောက်လေ့လာခဲ့ရာ ကုမ္ပဏီမှတာဝန်ရှိသူများက လယ်ယာထွက်ကုန်များ စမ်းသပ်စစ်ဆေးနေမှုအခြေအနေကို လိုက်လံရှင်းလင်းပြသခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးမှုလုပ်ငန်းများနှင့်ပတ်သက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်ပူးပေါင်းကာ မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်နိုင်ရေးကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကိုလည်းကောင်း၊ မြန်မာ့လယ်ယာထွက်ကုန်များ အရည်အသွေးပိုမိုကောင်းမွန်စွာဖြင့် တိုးမြှင့်တင်ပို့နိုင်ရေးကိစ္စရပ်များကိုလည်းကောင်း ကုမ္ပဏီမှတာဝန်ရှိသူများနှင့် ရင်းနှီးစွာဆွေးနွေးခဲ့ပါသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ယူနန်ပြည်နယ်အစိုးရအုပ်ချုပ်ရေးမှူးက တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တောင်အာရှနှင့်အရှေ့တောင်အာရှနိုင်ငံ

များမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%%

## မြဝတီနယ်စပ်မှ တင်ပို့ တင်သွင်းရန် လိုင်စင်ခွင့်ပြုထုတ်ပေးပြီးသော ကုန်ပစ္စည်းများအား ပင်လယ်ရေကြောင်းနှင့် မြန်မာ-ထိုင်းနယ်စပ်ရှိ အခြားကုန်သွယ်ရေးစခန်းတို့မှ ပြောင်းလဲခွင့်ပြုပြီး CMP လုပ်ငန်းများပါ အကျုံးဝင်ကြောင်း အသိပေးကြေညာ

၂၀၂၃ ခုနှစ် ဩဂုတ် ၇ ရက်မှစတင်၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် မြန်မာ-ထိုင်း ကုန်သွယ်မှုလမ်းကြောင်းရှိ မြဝတီလမ်းပိုင်းအချို့ ပျက်စီးမှုများဖြစ်ပေါ်သဖြင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိနေစဉ်အတွင်း ကုန်သွယ်မှုလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် မြဝတီနယ်စပ်မှ တင်ပို့တင်သွင်းရန် (ဩဂုတ် ၉ ရက်အထိ) လိုင်စင်ရရှိထားသည့် ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်များသည် လိုင်စင်ရကုန်ပစ္စည်းများအား မြန်မာ-ထိုင်းနယ်စပ်ရှိ မည်သည့်ကုန်သွယ်ရေး စခန်းမှမဆို ပြောင်းလဲတင်ပို့ တင်သွင်းခွင့်ပြုသွားမည်ဖြစ်ပြီး ပင်လယ်ရေကြောင်းမှ ပြောင်းလဲတင်ပို့ တင်သွင်းလိုပါကလည်း ကိစ္စရပ်တစ်ခုချင်းအလိုက် စိစစ်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ ဩဂုတ် ၉ ရက်တွင် အသိပေး ကြေညာခဲ့ကြောင်း သိရသည်။

ယင်းကြေညာချက်အရ ပြောင်းလဲဆောင်ရွက်ခွင့်ပြုခြင်းအတွက် လုပ်ငန်းဆောင်ရွက်မှုများ စနစ်တကျရှိစေရန် သက်ဆိုင်ရာဌာနအနေဖြင့် လုပ်ငန်းစဉ်များ (SOPs) ရေးဆွဲပြီးဖြစ်ပြီး အဆိုပါလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက် ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီနယ်စပ်မှ တင်ပို့ တင်သွင်းရန် လိုင်စင်ခွင့်ပြုထုတ်ပေးပြီးသော ကုန်ပစ္စည်းများအား ပင်လယ်ရေကြောင်းနှင့် မြန်မာ-ထိုင်းနယ်စပ်ရှိ အခြားကုန်သွယ်ရေးစခန်းတို့မှ ပြောင်းလဲခွင့်ပြုသွားမည့်ကိစ္စရပ်တွင် CMP လုပ်ငန်းများအားလုံး အကျုံးဝင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်ဟု ပါရှိသည်။

**Source:** https://news-eleven.com/article/252213

## မုံရွာမြို့နယ်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသော ဆီထွက်သီးနှံဈေးနှုန်း/ဈေးကွက်အခြေအနေ

ဩဂုတ်လတတိယပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက်အခြေအနေမှာ နှမ်းညို၊ နှမ်းဖြူ၊ နှမ်းနက်ဈေးနှုန်းများနှင့် မြေပဲလုံးဆန်နီ၊ မြေပဲလုံးဆန်ဖြူတို့ ဈေးမြင့်တက် နေကြောင်းသိရသည်။ ယခုအပတ်တွင်း နှမ်းညိုတစ်တင်းလျှင် (၁၀၄၀၀၀)ကျပ်၊ နှမ်းဖြူ တစ်တင်းလျှင် (၁၂၀၀၀၀-၁၂၈၀၀၀)ကျပ်၊ နှမ်းနက် တစ်တင်းလျှင် (၁၁၅၀၀၀-၁၂၀၀၀၀) ကျပ်၊ နှမ်းဝါ တစ်တင်းလျှင် (၁၁၀၀၀၀)၊ ဆီနှမ်း တစ်တင်းလျှင် (၁၀၀၀၀၀)ကျပ်ရှိပြီး ယခင်အပတ်ကာလတူအချိန် ပေါက်ဈေးနှုန်းမှာ နှမ်းညို တစ်တင်းလျှင် (၁၀၁၅၀၀)ကျပ်၊ နှမ်းဖြူ တစ်တင်းလျှင် (၁၁၆၀၀၀)ကျပ်၊ နှမ်းနက် တစ်တင်းလျှင် (၁၀၅၀၀၀)ကျပ်ရှိပြီး ယခုအပတ်အတွင်း ကာလတူအချိန်နှင့် နှိုင်းယှဉ်ပါက နှမ်းညို တစ်တင်းလျှင် (၂၅၀၀)ကျပ်၊ နှမ်းနက် တစ်တင်းလျှင် (၁၅၀၀၀)ကျပ်၊ နှမ်းဖြူ တစ်တင်းလျှင် (၁၂၀၀၀)ကျပ် ဈေးနှုန်းများ မြင့်တက်နေကြောင်းသိရသည်။

ယခုအပတ်တွင်း မြေပဲလုံးဆန်ပေါက်ဈေးနှုန်းနှင့် ဆီဈေးနှုန်းများမှာ မြေပဲလုံးဆန်နီ တစ်ပိဿာ (၈၈၀၀)ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ (၇၉၀၀)ကျပ်ရှိပြီး ယခင်အပတ်အတွင်း ကာလတူပေါက်ဈေးနှုန်းမှာ မြေပဲလုံးဆန်နီ တစ်ပိဿာ(၈၅၀၀)ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ (၇၄၀၀)ကျပ်၊ ယခုအပတ် ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက မြေပဲဆန်ဈေးအနည်းငယ် မြင့်တက်နေကြောင်းသိရသည်။ ဆီဈေးမှာ ပဲဆီ တစ်ပိဿာ ၁၃၅၀၀ ကျပ်မှ ၁၄၀၀၀ ကျပ်ထိ၊ နှမ်းဆီ တစ်ပိဿာ ၁၃၀၀၀ ကျပ် မှ ၁၄၀၀၀ကျပ် ပေါက်ဈေးရှိပါသည်။

**Source: စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

## မြန်မာကြက်သွန်ကို တရုတ်ဝယ်လက်များ ပြန်လည်ဝယ်ယူမှုကြောင့် ရက်ပိုင်းအတွင်း နွေကြက်သွန် တောဈေး တစ်ပိဿာ ကျပ် ၂၄၀၀ ဈေးရရှိ



မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်တွင် နွေကြက်သွန်ဈေးသည် တရုတ်ဝယ်လက်များ ယခုရက်ပိုင်း ပြန်လည်ဝယ်ယူနေမှုကြောင့် ဗလုံကံဆင့် ကြက်သွန်အစများ တောဈေး တစ်ပိဿာ ကျပ် ၂၄၀၀ မှ ၂၅၀၀ ခန့် ဈေးပေါက်နေပြီး ကျန်ရွာအစများ တစ်ပိဿာကျပ် ၂၃၀၀ ခန့် ဈေးရှိနေသည်ဟု မြင်းခြံမြို့နယ်၊ တောင်သာမြို့နယ်၊ မိတ္ထီလာမြို့နယ်များမှ ကြက်သွန်စိုက်တောင်သူများနှင့် ကုန်သည်များထံမှသိရသည်။

"အခုရက်ပိုင်းက တရုတ်နဲ့ဗီယက်နမ်တို့က ပြန်ဝယ်နေတယ်။ အရင်က ကြက်သွန်ဈေးက ကျပ် ၂၀၀၀ အောက်ရှိတာ။ အခုသူတို့ပြန်ဝယ်တော့ ဈေးက ၂၀၀၀ အပေါ်ပြန်ရောက်လာတယ်။ အဓိကက တရုတ်ကအဝယ်များတယ်။ မြဝတီလမ်းမကောင်းတော့ ဗီယက်နမ် ဝယ်လက် အဝယ်နည်းတယ်။ တရုတ်ဝယ်လက် အဓိကထားဝယ်နေတယ်။ သူတို့ဝယ်တဲ့ဈေးက ၂၄၀၀ ကနေ ၂၆၀၀ ကြား ဈေးပေါက်တယ်။ တောဈေးက ၂၄၀၀ ကျော် ဈေးပေါက်နေတယ်။ တောင်သူတွေက ကြက်သွန်ကိုထိန်းရောင်းကြတယ်။ အခုမြစ်သားနယ်မှာက ကြက်သွန်ပျိုးထောင်နေကြပါပြီ။ အခုတောင်သူတွေ ဝယ်ချင်လို့တောင် မျိုးစေ့က မြစ်သားနယ်မှာ မရှိတော့ဘူး။ ဈေးဆို တစ်ပြည်ကို တစ်သိန်းခွဲနဲ့နှစ်သိန်းကြား ဈေးပေါက်တယ်။ အရောင်းအဝယ် သိပ်မရှိကြဘူး။ ဈေးက အပြောင်းအလဲရှိတယ်။ မနေ့ (ဩဂုတ် ၁၄) ကထက် တစ်ပိဿာ ကျပ် ၂၀၀ လောက် ဈေးတက်တယ်။ တရုတ်ဝယ်လက်က ၂၆၀၀ ကျပ်ဈေးနဲ့ဝယ်နေတယ်။ တောဈေးက ၂၄၀၀ ဈေးဖြစ်ပြီး ၂၅၀၀ မဖြစ်သေးဘူး။ တောဈေး ၂၅၀၀ က ထိပ်စကောင်းတဲ့ အစဆိုရင် ဈေးရပါမယ်။ အခုရက်ပိုင်းအတွင်း လေးရက်အတွင်း ကြက်သွန်ဈေးတစ်ပိဿာ ကျပ် ၄၀၀ လောက် ဈေးတက် တယ်လို့ပြောလို့ရတယ်"ဟု မန္တလေးတိုင်းဒေသကြီး စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ နာယက ဖြစ်သူဦးစိုးညွန့်ကပြောကြားသည်။

မြန်မာနိုင်ငံတွင် ကြက်သွန်အဓိကထွက်ရှိရာနယ်ဖြစ်သော မြစ်သားမြို့နယ်မှ ကြက်သွန်စိုက်တောင်သူများ၏ ကြက်သွန် မျိုးစေ့ဈေးမှာ တစ်ပြည်လျှင် ကျပ်တစ်သိန်းခွဲမှကျပ်နှစ်သိန်းအထိရှိပြီး လက်ရှိတွင် တောင်သူများ ပျိုးထောင်စိုက်ပျိုးနေကြပြီ ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/252212

## မုံရွာမြို့နယ်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးကွက်အခြေအနေ

ဩဂုတ်လ တတိယအပတ်အတွင်း မုံရွာကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော လယ်ယာထွက်ကုန်သီးနှံများထဲမှ ဂျုံ၊ ပဲကြီး၊ ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းသေး၊ ပဲကြီး၊ ပဲနီလုံးရိုးရိုး၊ ပဲနီလုံးကြား၊ CP ပြောင်းနှင့် ကုလားပဲ (မျိုးစုံ) ဈေးနှုန်းများ မြင့်တက်လာပြီး ပဲတီစိမ်းကြီး၊ ပုဂံပဲ၊ မြေထောက်ပဲ၊ ပဲယင်းဝါ၊ ထောပတ်ပဲတို့ ဈေးငြိမ်လျက်ရှိကြောင်းသိရသည်။

ယခုတစ်ပတ်အတွင်း သီးနှံတစ်တင်းပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် (၆၅၀၀၀) ကျပ်၊ ဂျုံထွက်တိုး(၅၇၅၀၀)ကျပ်၊ ပဲကြီး (၁၀၁၀၀၀) ကျပ်၊ ပဲစင်းငုံ (၁၀၆၅၀၀)ကျပ်၊ မတ်ပဲ (၇၃၀၀၀)ကျပ်၊ ပဲတီစိမ်းကြီး (၅၄၅၀၀-၅၅၅၀၀ ) ကျပ်၊ ပဲတီစိမ်းသေး (၅၀၀၀၀)ကျပ်၊ ပဲနီလုံးရိုးရိုး (၅၅၀၀၀)ကျပ်၊ ပဲနီလုံးကြား (၅၃၀၀၀) ကျပ်၊ ပုဂံပဲ (၈၈၀၀၀)ကျပ်၊ မြေထောက်ပဲ (၁၀၅၀၀၀)၊ ပဲယင်းဝါ (၅၅၀၀၀)ကျပ်၊ CP ပြောင်းဖူးစေ့ (၂၁၅၀၀) ကျပ်၊ ကုလားပဲ (မျိုးစုံ) ပေါက်ဈေးနှုန်းမှာ တစ်တင်းလျှင် ကုဖြူလုံးကြီး (၈၈၈၀၀)ကျပ်၊ ကုဖြူလုံးသေး (၈၈၈၀၀) ကျပ်၊ 929 (၈၈၃၀၀)ကျပ်၊ ထိုင်ဝမ် (၈၇၅၀၀)ကျပ် ပေါက်ဈေးရှိကြောင်း သိရပါသည်။ ယခင်ပတ် ကာလတူပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဂျုံဖြူသန့်(၆၂၀၀၀)ကျပ်၊ ဂျုံထွက်တိုး (၅၅၀၀၀)ကျပ်၊ ပဲကြီး (၉၉၀၀၀) ကျပ်၊ ပဲစင်းငုံ (၁၀၂၀၀၀) ကျပ်၊ မတ်ပဲ (၇၂၀၀၀)ကျပ်၊ ပဲတီစိမ်းကြီး (၅၄၅၀၀-၅၅၅၀၀)ကျပ်၊ ပဲတီစိမ်းသေး (၄၈၀၀၀)ကျပ်၊ ပဲနီလုံးရိုးရိုး (၅၁၀၀၀)ကျပ်၊ ပဲနီလုံးကြား (၅၂၀၀၀) ကျပ်၊ ပုဂံပဲ (၈၈၀၀၀) ကျပ်၊ မြေထောက်ပဲ (၉၈၀၀၀-၁၀၅၀၀၀)၊ ပဲယင်းဝါ (၅၅၀၀၀) ကျပ်၊ ထောပတ်ပဲ (၉၈၀၀၀)ကျပ်၊ CPပြောင်းဖူးစေ့ (၂၁၂၀၀)ကျပ်၊ ကုဖြူလုံးကြီး တစ်တင်းလျှင်

(၈၇၀၀၀)ကျပ်၊ ကုဖြူလုံးသေး (၈၇၀၀၀)ကျပ်၊ 929 (၈၇၀၀၀)ကျပ်၊ ထိုင်ဝမ် (၈၅၀၀၀)ကျပ် ပေါက်ဈေးရှိ၍ ယခုတစ်ပတ်အတွင်း ပေါက်ဈေးနှင့်နှိုင်းယှဉ်ပါက ပဲတီစိမ်းကြီး၊ ပုဂံပဲ၊ မြေထောက်ပဲ၊ ပဲယင်းဝါ၊ ထောပတ်ပဲတို့ဈေးငြိမ်၍ ကျန်ပဲများအားလုံး ဈေးမြင့်တက်လာကြောင်းသိရသည်။

**Source: စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ယူအေအီး ဆန်တင်ပို့မှု ယာယီပိတ်ပင်

ယူအေအီး စီးပွားရေးဝန်ကြီးဌာနမှ ဆန်တင်ပို့မှုပိတ်ပင်ကြောင်းကြေညာခဲ့ပြီး တားမြစ်ချက်တွင် ဆန်လုံးညို၊ ဆန်ဖြူ၊ ဆန်ကွဲစသဖြင့် ဆန်အမျိုးအစားအားလုံး အကျုံးဝင်ပါသည်။

ယူအေအီးသည် ဆန်ကို ပြည်တွင်းလိုအပ်ချက်၏ ၈၅ ရာခိုင်နှုန်းအထိတင်သွင်းပြီး အိန္ဒိယ၊ ပါကစ္စတန်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ အများဆုံးတင်သွင်းသည်။

အိန္ဒိယနိုင်ငံက ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှု ပိတ်ပင်လိုက်ပြီးချိန်တွင် ယူအေအီးက ဆန်တင်ပို့ခြင်းနှင့် ဆန်ပြန်လည်တင်ပို့ခြင်းတို့ကို လေးလတားမြစ်လိုက်သည်။ သို့ဖြစ်ရာ နိုဝင်ဘာလကုန်အထိ တားမြစ်ချက် သက်ရောက်မည်ဖြစ်သည်။ ယူအေအီးမှ ဆန်တင်ပို့သည့် အဓိကနိုင်ငံများမှာ အိုမန်၊ ဘီနင်၊ ဇင်ဘာဘွေနှင့် ဆိုမာလီယာတို့ ဖြစ်ပါသည်။

ဆန်ကိုတင်ပို့ခြင်း သို့မဟုတ် ပြန်လည်တင်ပို့ခြင်း re-export လုပ်ဆောင်လိုသောကုမ္ပဏီများသည် စီးပွားရေးဝန်ကြီးဌာနသို့ ပို့ကုန်ပါမစ် လျှောက်ထားရမည်ဖြစ်သည်။ ပါမစ်သက်တမ်းသည် ရက် ၃၀ ဖြစ်သည်။

ယူအေအီးမှ စူပါမားကက်လုပ်ငန်းကြီးနှစ်ခုဖြစ်သော Lulu Group နှင့် Carrefour တို့က ၎င်းတို့တွင်ရှိသော လက်ကျန်သည် ၆ လကျော်အထိ ဖူလုံကြောင်းပြောကြားသည်။

**Source :gulf business**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/6668-asia-rice.html

## အရှေ့တောင်အာရှဈေးကွက်သည် တရုတ်လျှပ်စစ်မော်တော်ယာဉ် ထုတ်လုပ်သူများအတွက် အရေးပါသောနေရာတစ်ခုဖြစ်လာ

တရုတ်လျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်သူများနှင့် ဘက်ထရီထုတ်လုပ်သူများသည် ပိုမိုကောင်းမွန်သော ဈေးကွက်ကို ရှာဖွေရန်အတွက် ပြည်ပ၌ထုတ်လုပ်မှုကို အာရုံစိုက်လျက်ရှိရာ အရှေ့တောင်အာရှဈေးကွက်သည် ထိပ်ဆုံးမှရပ်တည်နေကြောင်း chinadaily.com ၌ ဖော်ပြထားပါသည်။

တရုတ်လျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်သည့် Hozon က ၂၀၂၄ ခုနှစ်မှစတင်၍ အင်ဒိုနီးရှားနိုင်ငံတွင် ၎င်း၏ Neta-branded ကားများကို ထုတ်လုပ်ရန်စီစဉ်နေကြောင်း ပြောကြားခဲ့ပြီး ကုမ္ပဏီသည် ဇူလိုင်လနှောင်းပိုင်းတွင် PT Handal Indonesia Motor နှင့် ပူးပေါင်းခဲ့ကြောင်း၊ ၎င်းတို့သည် ၂၀၂၄ ခုနှစ်၊ ဒုတိယသုံးလပတ်မှစတင်ကာ လျှပ်စစ်ကားများ တပ်ဆင်ထုတ်လုပ်မှုကို စတင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ် (၁၀) ရက်နေ့မှ (၂၀) ရက်နေ့အထိ ကျင်းပသည့် Gaikindo Indonesia International Auto Show တွင် Hozon သည် ၎င်း၏ Neta-branded မော်ဒယ် (၃) ခုကို ပြသထားပြီး လူဦးရေသန်း (၂၀၀) ကျော်ရှိသော အင်ဒိုနီးရှားဈေးကွက်သို့ တရုတ်နိုင်ငံထုတ် စမတ်ကားများကို မိတ်ဆက်လိုသည်ဟု Hozon က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Hozon ကုမ္ပဏီသည် ၂၀၂၂ ခုနှစ်တွင် နိုင်ငံခြားဈေးကွက်များကို စတင်လှေ့လာခဲ့ပြီး ယခုအခါ မလေးရှားနှင့် ထိုင်းနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံ အများအပြားတွင် ၎င်း၏မော်တော်ယာဉ်များကို ရောင်းချနေပြီဖြစ်ကြောင်း၊ Hozon သည် ထိုင်းနိုင်ငံတွင် နှစ်စဉ်ကားအစင်းရေ (၂၀,၀၀၀) ထုတ်လုပ်နိုင်သည့် စက်ရုံတစ်ရုံကို စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၄ ခုနှစ် အစောပိုင်းတွင် လုပ်ငန်းစတင်လည်ပတ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါကုမ္ပဏီ၏ Neta အမှတ်တံဆိပ် လျှပ်စစ်ကားများသည် ထိုင်းနိုင်ငံတွင် လူကြိုက်များကြောင်း၊ စာရင်းအင်း အချက်အလက်များအရ Neta သည် ဇွန်လတွင် ထိုင်းနိုင်ငံ၌ ရောင်းအားအကောင်းဆုံး လျှပ်စစ်ကားအမှတ်တံဆိပ်ဖြစ်ပြီး

ဈေးကွက်ဝေစု (၂၈.၉) ရာခိုင်နှုန်းကို သိမ်းပိုက်ထားကြောင်း သိရှိရပါသည်။ ထို့အပြင် တရုတ်နိုင်ငံ၏ ကားထုတ်လုပ်သည့် လုပ်ငန်းကြီးဖြစ်သည့် SAIC သည် ထိုင်းနိုင်ငံတွင် ၎င်းကုမ္ပဏီ၏ လျှပ်စစ်စွမ်းအင်သုံး ကားသစ်များအတွက် အဓိက မော်တော်ကားအစိတ်အပိုင်းများထုတ်လုပ်မည့် new energy industrial park တစ်ခုကို ၂၀၂၃ ခုနှစ်၊ မေလတွင် စတင် တည်ဆောက်ခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ အကြီးဆုံးလျှပ်စစ်ကားထုတ်လုပ်သူ BYD သည်လည်း ထိုင်းနိုင်ငံတွင်မော်တော်ယာဉ်များကို ၂၀၂၄ ခုနှစ်မှ စတင်ထုတ်လုပ်မည်ဖြစ်ပြီး ပြည်တွင်းရောင်းချရုံသာမက အရှေ့တောင်အာရှဈေးကွက်များသို့ပါ တင်ပို့ရောင်းချသွားမည် ဖြစ်ကြောင်းလည်း ဖော်ပြထားပါသည်။ နှစ်စဉ် ကားအစင်းရေ (၁၅၀,၀၀၀) ထုတ်လုပ်နိုင်သော ၎င်းတို့ရာနှုန်းပြည့်ပိုင်ဆိုင်သည့် အဆိုပါစက်ရုံသည် ကုမ္ပဏီ၏ ပထမဆုံးခရီးသည်တင်ယာဉ် ထုတ်လုပ်ရေးစက်ရုံ ဖြစ်လာမည်ဖြစ်ကြောင်း သိရှိရပါသည်။
တရုတ်နိုင်ငံအခြေစိုက် လီသီယမ်ဘက်ထရီထုတ်လုပ်သူ EVE Energy သည် မလေးရှားနိုင်ငံတွင် ကနဦး ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ (၄၂၂) သန်းတန်ဖိုးရှိ ၎င်း၏စက်ရုံကို အုတ်မြစ်ချခဲ့ကြောင်း၊ အဆိုပါစက်ရုံသစ်သည် ပြည်တွင်းနှင့် အရှေ့တောင်အာရှတစ်ဝန်းတွင် ထုတ်လုပ်သည့် လျှပ်စစ်သုံးနှစ်ဘီးတပ်ယာဉ်များအတွက် ဆလင်ဒါလစ်သီယမ်-အိုင်းယွန်း ဘက်ထရီများ အဓိကထုတ်လုပ်မည်ဟု ကုမ္ပဏီက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ယခုရင်းနှီးမြှုပ်နှံမှုသည် EVE Energy ကုမ္ပဏီကို အကျိုးပြုရုံသာမက မလေးရှားနိုင်ငံ၌ လျှပ်စစ်မော်တော်ယာဉ်လုပ်ငန်း နှင့် ဆက်စပ်လုပ်ငန်းများတွင် ကုမ္ပဏီများစွာလာရောက်ရင်းနှီးမြှုပ်နှံရန် လမ်းခင်းပေးသည့် အရေးကြီးသော မှတ်တိုင်တစ်ခု ဖြစ်သည်ဟု မလေးရှားရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ လက်ထောက်အမှုဆောင်အရာရှိချုပ် Lim Bee Vian က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

EVE Energy ကဲ့သို့သောလုပ်ငန်းများနှင့် ပူးပေါင်းခြင်းဖြင့် ဆန်းသစ်တီထွင်မှုနှင့်နည်းပညာဆိုင်ရာ တိုးတက်မှုရှိသော ပတ်ဝန်းကျင်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံသည် ၂၀၅၀ ပြည့်နှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လုံးဝမရှိစေရန် ကတိပြုထားသောကြောင့် ယခုစီမံကိန်းသည် မလေးရှားနိုင်ငံ၏ အမျိုးသားမော်တော်ယာဉ်မူဝါဒ ၂၀၂၀ နှင့် ကိုက်ညီသည်ဟု Lim က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**Source:** www.chinadaily.com.cn/a/202308/14/WS64d96449a31035260b81bded.html

**(ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

https://myantrade.gov.mm/article/Naypyitawstp_160820231010

## အိန္ဒိယအစိုးရက ကုန်ဈေးနှုန်းထိန်းရန် ခရမ်းချဉ်သီးတင်သွင်း



အိန္ဒိယနိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီး Nirmala Sitharaman က အစိုးရသည် ကုန်ဈေးနှုန်းများထိန်းပေးရန် ဆောင်ရွက်ချက်များ လုပ်ဆောင်လျက်ရှိရာ ခရမ်းချဉ်သီးများကို အိမ်နီးချင်းနိုင်ငံ နီပေါမှ တင်သွင်းပြီး ပြည်တွင်းဝယ်လိုအားကို ဖြည့်တင်းပေးနေကြောင်း ပြောကြားသည်။

"ကုန်ဈေးနှုန်းကို ထိန်းချုပ်ဖို့ ခြေလှမ်းတွေ အများကြီးလုပ်ဆောင်ပြီးပါပြီ။ ဝန်ကြီးများအဖွဲ့က သာမန်ပြည်သူလူထုကို ထိခိုက်စေတဲ့ ဈေးနှုန်းများကိုထိန်းချုပ်ရန် အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်နေပါတယ်" ဟု Sitharman က ပြောကြားသည်။

ပဲစင်းငုံပဲခြမ်းများကို မိုဇမ်ဘစ်နိုင်ငံမှ တင်သွင်းလျက်ရှိသည်။ မတ်ပဲ ပဲခြမ်းများကို မြန်မာနိုင်ငံမှတင်သွင်းသည်။ အရန် သိုလှောင်မှုအတွက် ကြက်သွန်နီ တန် ၃၀ ဝယ်ယူထားသည်ဟု Sitharaman က ပြောကြားသည်။

ခရမ်းချဉ်သီးများကို အိန္ဒိယနိုင်ငံ အမျိုးသားစိုက်ပျိုးရေးသမဝါယမဈေးကွက်အဖွဲ့ချုပ် National Agricultural Cooperative Marketing Federation of India Ltd (NAFED)မှ ဖြန့်ဖြူးပေးနေသည်ဟု သူမကပြောကြားသည်။ ထို့ပြင်အခြား သမဝါယမအသင်းများကလည်း ဖြန့်ဖြူးပေးသည်ဟု သူမကပြောကြားသည်။


NCCF သည် ခရမ်းချဉ်သီး ကီလိုဂရမ် ၈.၈၄ သိန်းကို ဖြန့်ဖြူးပေးခဲ့သည်။ "ဒါက ဆက်လုပ်သွားမှာပါ။ ပိုများလာမှာပါ" ဟု

သူမက ပြောကြားသည်။ ယခုအခါ ပြည်နယ် ၂ ခုတို့တွင် ခရမ်းချဉ်သီးဈေးနှုန်းများ ကျဆင်းလာကြောင်း Sitharaman က ပြောကြားသည်။ "နီပေါက ခရမ်းချဉ်သီးတွေအတွက် သွင်းကုန်ကန့်သတ်ချက်တွေကိုဖယ်ရှားပြီး တင်သွင်းခွင့် ပေးထားပြီးပါပြီ။ ပထမအသုတ်ရောက်လာတော့မှာပါ" ဟု သူမကပြောကြားသည်။ NCCF က ရောင်းချရာတွင် အစိုးရက စိုက်ထုတ်ပေးထားသဖြင့် ခရမ်းချဉ်သီး ၁ ကီလိုကို ရူပီး ၇၀ ဖြင့် ရောင်းချပေးသည်။

Source: outlookindia

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/6680-india.html

## STOCK EXCHANGE (16.8.2023)



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data


As of 16th Aug, 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,373 (Shares) | 27,767,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +300 | +3.49% | 8,800 | 8,900 | 8,800 | 83 | 737,700 | 33,109,694 | 294,676 |
| MTSH | 00002 | 3,150 | +50 | +1.61% | 3,100 | 3,150 | 3,100 | 3,959 | 12,392,300 | 38,929,150 | 122,627 |
| MCB | 00003 | 7,800 | +200 | +2.63% | 7,700 | 7,800 | 7,700 | 63 | 485,400 | 10,400,986 | 81,128 |
| FPB | 00004 | 1,700 | +50 | +3.03% | 1,650 | 1,700 | 1,650 | 4,012 | 6,645,400 | 29,664,613 | 50,430 |
| TMH | 00005 | 2,300 | -50 | -2.13% | 2,350 | 2,350 | 2,300 | 40 | 93,750 | 12,823,224 | 29,493 |
| EFR | 00006 | 2,300 | +0 | +0.00% | 2,350 | 2,350 | 2,300 | 3,042 | 6,996,700 | 19,977,223 | 45,948 |
| AMATA | 00007 | 4,900 | -100 | -2.00% | 5,000 | 5,000 | 4,900 | 26 | 127,900 | 10,497,598 | 51,438 |
| MAEX | 00008 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,950 | 148 | 288,600 | 23,804,946 | 46,420 |



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary


As of 16th Aug, 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 382.87 | +7.29 | +1.94% | 376.11 | 382.87 | 376.11 | 11,373 | 27,767,750 | 8 | 722,160 |

**Index chart**

Zoom: 5d 1m 3m 6m 1y 2y 5y All



### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

| Trading Volume | Trading Value |
|---|---|
| 11,373 (Shares) | 27,767,750 (MMK) |

### Main Board

As of 1:00 pm, 16th Aug, 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,373 (Shares) | 27,767,750 (MMK) |

| MYANPIX | 382.87 ▲ 7.29 |
|---|---|
| Total Volume (shares) | 11,373 |
| Total Value (MMK) | 28 mil |
| Listed Company | 8 |
| Market Cap. (MMK) | 722,160 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 300 |
| MTSH | 00002 | 3,150 | ▲ 50 |
| MCB | 00003 | 7,800 | ▲ 200 |
| FPB | 00004 | 1,700 | ▲ 50 |
| TMH | 00005 | 2,300 | ▼ 50 |
| EFR | 00006 | 2,300 | ▲ 0 |
| AMATA | 00007 | 4,900 | ▼ 100 |
| MAEX | 00008 | 1,950 | ▲ 0 |